UNHCR
The UN Refugee Agency

# လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု နှင့် အလွဲသုံးစားမှုကိုတိုင်ကြားခြင်း!

UNHCR မှထောက်ပံ့ပေးသောဝန်ဆောင်မှုများနှင့် အကူအညီများသည် အခမဲ့ဖြစ်ပါသည်။ မည်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဝန်ထမ်းများမှ ၄င်းတို့၏အခွင့်အာဏာကို အသုံးပြုလျက် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု အလွဲသုံးစားမှု မပြုလုပ်ရ။

**သင်၏ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ အဓိက ဦးစားပေးအဆင့်ဖြစ်သည်။**





## လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု နှင့် အလွဲသုံးစားမှုဆိုသည်မှာအဘယ်နည်း

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု အလွဲသုံးစားမှုဆိုသည်မှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဝန်ထမ်း တစ်ဦးဦးမှ လိင်ပိုင်းဆိုင်ရာ စော်ကားမှုကို အမှန်တကယ်ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ခြင်း ကို ဆိုလိုသည်။ ဥပမာများမှာ - လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းတစ်ဦးဦးမှသင်အား ငွေ၊ အမိုးအကာ၊ စားသောက်ဖွယ်ရာ သို့မဟုတ် အဝတ်အစား များဖြင့် ကာမရယူ လဲလှယ်ခြင်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဝန်ထမ်းတစ်ဦးဦးမှ ကာမရယူရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအကြပ် ပြုလုပ်ခြင်း။

**လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု နှင့် အလွဲသုံးစားမှုသည် အကျင့်ပျက် ခြစားမှုဖြစ်ပြီး UNHCR မှလုံးဝသည်းခံခွင့်မလွှတ်ပါ။**

## တိုင်ကြားနိုင်သည့်နည်းလမ်းများ

အကယ်၍ သင် သို့မဟုတ် သင်သိသောသူတစ်ဦးဦးမှ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု အလွဲသုံးစားမှု ကြုံတွေ့ပါက ချက်ချင်းတိုင်ကြားပါ။

တိုင်ကြားစာတင်ပြခြင်း ကြောင့် သင့်အား အကူအညီ ပေးနေသည့် UNHCR ၏ အကူအညီကို မည်သည့်နည်း နှင့်မျှ ထိခိုက်မည်မဟုတ်ပါ။

အကယ်၍ သင်တိုင်ကြားလာပါက, UNHCR သည် ၎င်းကို လျှို့ဝှက်ထားမည်ဖြစ်ပြီး ဘေးကင်းလုံခြုံစွာ လိုက်နာဆောင်ရွက်မည်ဖြစ်သည်။

အမည်မသိဖြင့်လည်း တိုင်ကြားနိုင်ပြီး ကျေးဇူးပြု၍ အဖြစ်အပျက်နှင့် အချက်အလက်များကို တတ်နိုင်သမျှ အသေးစိတ်ဖော်ပြပေးပါ။

အကျင့်ပျက်ခြစားမှုကိုတိုင်ကြားနိုင်ရန် အသေးစိတ်သိရှိလိုပါက UNHCR ၏ HELP website: https://help.unhcr.org/myanmar/my/ ကိုဝင်ရောက်လေ့လာပါ။

UNHCR ရုံးချုပ်ရှိ စစ်ဆေးရေးမှူးချုပ်ရုံးသို့ တိုင်ကြားချက်ပုံစံမှတစ်ဆင့် တိုက်ရိုက်တိုင်ကြားနိုင်သည်။

UNHCR သို့ ဆက်သွယ်တိုင်ကြားချက်ပုံစံဖြင့် စာပို့တိုင်ကြား နိုင်သည်။

အီးမေးလ်မှတဆင့်တိုင်ကြားနိုင်သည်။ myayaprotection@unhcr.org

UNHCR ဝန်ထမ်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းဝန်ထမ်း နှင့်တိုက်ရိုက် စကားပြောခြင်း

UNHCR မြန်မာမှအကူအညီပေးသောဆက်သွယ်ရန် ဖုန်းနံပါတ်:

**၀၉ ၄၅၀ ၀၆၅ ၉၆၄**

(တနင်္လာနေ့မှသောကြာနေ့အထိ၊ နံနက် ၈း၃၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)